# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး
# (၃၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၇၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆို င်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ပတ်သက်လို့ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ပြပါမယ်။

ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)။ ဦးရှုမောင်၊ ရှမ်း (၈)။ ဦးကျွဲန်ခန်း၊ ချင်း (၁)။ ဦးဂျေယောဂူ၊ ကချင်(၁၂)။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂) တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်း ကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**စက်ရုံနယ်နိမိတ်အတွင်းရှိ ကျေးရွာများမှ နေအိမ်၊ ခြံ၊ ဥယျာဉ်များကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ဒေသခံများ မနစ် နာရအောင် မည်သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း၊ စက်ရုံမှ ထွက်ရှိလာသော အခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် အနီးရှိဒေသခံပြည်သူများ ဘေးအန္တရာယ်ကျရောက်နိုင်မှု ရှိ/မရှိ၊ စက်ရုံ တည်ဆောက်ပြီးစီးပါက နိုင်ငံတော်နှင့် ဒေသခံပြ ည်သူများ မည်သို့အကျိုးကျေးဇူး ခံစားရမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**၊ ။ ယခု တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်မောင်မြင့် က စက်ရုံနယ်နိမိတ်အတွင်းရှိ ကျေးရွာများမှနေအိမ်၊ ခြံ၊ ဥယျာဉ်များကို အသုံးပြုခြင်းနှင့် ပတ်သက်၍ ဒေသခံများ မနစ်နာရအောင် မည်သို့စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုပါကြော င်း၊ စက်ရုံမှ ထွက်ရှိလာသော အခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် အနီးရှိဒေသခံ ပြည်သူများ ဘေးအန္တရာယ် ကျရောက်နိုင်မှု ရှိ /မရှိ၊ စက်ရုံတည်ဆောက်

ပြီးစီးပါက နိုင်ငံတော်နှင့် ဒေသခံပြည်သူများ မည်သို့အကျိုးကျေးဇူး ခံစားရမည်ကို သိရှိလိုပါ ကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ၊ လောင်းလုံမြို့နယ်အတွင်း တည်ဆောက်မယ့် ရေနံချက်စက်ရုံစီမံကိန်းနဲ့ ပတ်သက်၍ သိရှိ လို တာများကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လောင်းလုံ မြို့နယ်မှာ တရုတ်ပြည် သူ့သမ္မတနိုင်ငံ၊ GTZR, ထူးကုမ္ပဏီ များအုပ်စုနဲ့ UNEHL တို့ ပူးပေါင်း၍ ရေနံချက်စက်ရုံစီမံကိန်းတစ် ခုကို ချမှတ်အကောင်အထည် ဖော်လျက်ရှိပါတယ်။ ၎င်းစီမံကိန်းကို လောင်းလုံမြို့ နယ်၊ ရေဖြူကျေးရွာအုပ်စု၊ ဂေါ့ အင်းရွာဖျား၊ ညှင်းမော်ကျေးရွာအုပ်စု၊ ယင်း ပုတ်ကျေးရွာနဲ့ ၎င်းနယ်နမိတ်အတွင်းမှာရှိတဲ့ ဦးပိုင်လိမီတက်ပိုင် ဆီအုန်းခြံအတွင်း တည်ဆောက်မှာ ဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းစက်ရုံနယ်နမိတ်အတွ င်းမှာ ဆီအုန်းခြံများအပြင် ယင်းပုတ်ကျေးရွာ နေအိမ်များနဲ့ ဒေသခံပြည် သူများရဲ့ စိုက်ခင်းများ၊ ဥယျာဉ်ခြံမြေများလည်း ပါဝင်နေကြောင်း သိရှိရပ ါတယ်။ စက် ရုံတည်ဆောက်မယ်ဆိုပါက (က) စက်ရုံနယ်နိမိတ်အတွင်းရှိ ကျေးရွာများမှ နေအိမ်၊ ခြံ၊ ဥယျာဉ်များကို အသုံးပြုခြင်းနှင့် ပတ်သက်၍ ဒေသခံများ မနစ်နာရအောင် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကိုသိရှိလိုပါကြောင်း၊ (ခ) စက်ရုံမှ ထွက်ရှိလာသော အခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် အနီးရှိ ဒေသခံပြည်သူများ ဘေးအ န္တရာယ်ကျရောက်နိုင်မှု ရှိ /မရှိ၊ (ဂ) စက်ရုံ တည်ဆောက်ပြီးစီးပါက နိုင်ငံတော်နှင့် ဒေသခံပြည်သူများ မည်သို့ အကျိုးကျေးဇူး ခံစားရရှိ မည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ် တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဗိုလ်မှူးကြီး အောင်သော်(ဒုတိယဝန်ကြီး၊ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ၏ ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

(၁) ရေနံချက်စက်ရုံဧရိယာ ရွေးချယ်ရာတွင် ကျေးရွာများ ရွှေ့ပြောင်းရမှု အနည်းဆုံးဖြစ်စေရန် ဆီအုန်းခြံများကို အ မိကထား၍ ရွေးချယ်ခဲ့သော်လည်း ယင်းပုတ်ကျေးရွာနှင့် ဂေါ့အင်းရွာဖျား တို့၏ အိမ်ခြေ(၉၄)လုံးနှင့် တစ်ဆက်တည်း ဆက်စပ်လျက်ရှိသော ဥယျာဉ်ခြံမြေ စုစုပေါင်း(၁၆၆.၆၇)ဧက ပါဝင်လျက်ရှိပါတယ်။ ဆီအုန်းခြံများ၏ တစ် ဖက်တောင်ခြေများတွင် လူနေထိုင်ခြင်း မရှိသော်လည်း တောင်သူ များ စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်း၊ သီဟိုခြံနှင့် ဥယျာဉ်ခြံ စုစုပေါင်း(၂၁၆.၅၁)ဧကသည်လည်း စက်ရုံဧရိယာတွင် ပါဝင်လျက်ရှိပါတယ်။ စက်ရုံနယ်နိမိတ်အတွင်း ကျရောက်လျက်ရှိသော လူနေအိမ် (၉၄)လုံးအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဝယ်ယူထားသော လောင်းလုံ-ကျောက်နီမော် ကားလမ်းဘေးရှိ ပိုးစာပင်၊ ဆီအုန်းခြံ၌ ပြန်လည်နေရာချထားပေးရန် စီစဉ် ထားရှိပါတယ်။ ၎င်းနေရာ ဟာ လက်ရှိကျေးရွာနည်းတူ လောင်းလုံ-ကျောက်နီမော် ကားလမ်းဘေးတွင် တည်ရှိခြင်း၊ လောင်းလုံမြို့နယ်နှင့် (၃)ဖာလုံခန့်သာ ကွာဝေး ပြီး လက်ရှိနေရာထက် မြို့နှင့် ပိုမိုနီးကပ်သွားခြင်း၊ ဆီအုန်းခြံများ စိုက်ပျိုးထားသော မြေနေရာ ဖြစ်သောကြောင့် မြေပြန့်လွင်ပြင်ဖြစ်ခြင်း၊ မြေသြဇာကော င်းမွန်သဖြင့် ဥယျာဉ်ခြံမြေများ ပြန်လည်စိုက်ပျိုးရန် ကောင်းမွန်သော မြေအမျိုးအစားဖြစ်ခြင်း၊ မြေဧရိယာ (၂၂၆)ဧကရှိသောကြောင့် ပြောင်းရွှေ့ရမည့် ကျေးရွာအတွက် မြေနေရာလုံလောက်ခြင်းတို့ကြောင့် ပြန်လည်နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

(၂) ပြောင်းရွှေ့ရမည့် ကျေးရွာများမှ ဒေသခံပြည်သူများ မနစ်နာရစေရန် မူလ ဥယျာဉ်ခြံအတွင်းရှိ အပင်များ၏ တန်ဖိုး ကို သင့်လျော်မျှတသော လျော်ကြေးများ ပေးအပ်ခြင်း၊ နေအိမ်များ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ ကျေး ရွာ ရပ်မိ /ရပ်ဖများနှင့် ညှိနှိုင်း၍ ဆောင်ရွက် ပေးခြင်း၊ စာသင်ကျောင်း အား အဆင့်မြှင့်တင်၍ အစားထိုး ပြန်လည်ဆောက်လုပ်ပေးခြင်း၊ ပြန်လည်နေရာချထားပေးမည့် နေရာကို စံပြကျေးရွာအဖြစ် လမ်း၊ လျှပ်စစ်မီး၊ သောက်သုံးရေ၊ ဆေးပေးခန်း၊ ဓမ္မာရုံနှင့် ဈေး အစရှိ သည်တို့ ပါဝင်စေ ရန် တည်ဆောက်ပေးခြင်း များ ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။ စက်ရုံ ဧရိယာအတွင်း ပါဝင်သွား သော လောင်းလုံ -ကျောက်နီမော် ကားလမ်းတချို့အတွက် လမ်းလွှဲ ဖောက်လုပ်ခြင်းအား ဒေသခံပြည်သူများနှင့် အကြမ်းဖျင်း ကြိုတင်ညှိနှိုင်းချက်အရ ညှင်းမော်-စစ်ပြဲ-လေးသွန်းခံ-ဂေါ့အင်းရွာ လ မ်းကြောင်းအတိုင်း ကတ္တရာလမ်းနှင့် ကွန်ကရစ် တံတားများ တည်ဆောက်ဖောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ ဆီအုန်းခြံများ၏ အခြားတစ်ဖက်ရှိ ကျေးရွာတောင်သူများ စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေများကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဝယ်ယူထားသော စက်ရုံဧရိယာပြင်ပရှိ ဆီအုန်းခြံ မြေများဖြင့် မြေအစား ပြန်လည်ပေးအပ်ခြင်း၊ အပင်များ၏ သက်တမ်းအလိုက် အပင်တန်ဖိုး များ ပေး လျော်စေခြင်းတို့ဖြင့် နစ်နာမှု မရှိစေရန် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(၃) စီမံကိန်း တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ခွင့်ပြုချက်ရရှိရေး တင် ပြရာတွင် လိုအပ်ချက်တစ်ရပ်ဖြစ်သော စီမံကိန်းကြောင့် ဖြစ်ပေါ်မည့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်မှု လေ့လာဆန်းစစ်ချက် (Environmental Impact Assessment) ကိစ္စကို ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနက လိုအပ်သော လမ်းညွှ န်မှုများကို ညွှ န်ကြားထားပြီး ဖြစ်ပါတယ်။ ယင်းညွှ န်ကြားချက်တွင် EIA လုပ်ခြင်းကို မြန်မာနိုင်ငံရှိ NGO အဖွဲ့အစည်းများနှင့်အတူ နိုင်ငံခြားတိုင်းပြည်များမှ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်းဖြင့် လုပ်ဆောင်ခြင်းကို ခွင့်ပြုပါတယ်။ ထို့အပြင် စက်ရုံတည်ဆောက်မည့် အဖွဲ့အစည်းအနေ ဖြင့် ပတ်ဝန်း ကျင်ထိခိုက်မှု လျော့နည်းပပျောက် စေရန် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျခံမည့် စရိတ်တို့ ပါဝင်သည့် Enviromnental Management Plan နှင့် ဒေသခံပြည်သူတို့၏ သဘော တူညီ ချက်ရရှိရေး ဆောင်ရွက်သည့် အစီအစဉ်များကိုပါ ထည့်သွင်း ဖော်ပြသွားမည် ဖြစ်ပါတယ်။ EIA

လေ့လာဆန်းစစ်ချက် ပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်သာမက Health Impact Assessment (HIA) ပြည်သူများ၏ ကျန်းမာရေး ထိခိုက်စေနိုင်မှု လေ့လာဆန်းစစ်ချက်နှင့် Social Impact Assessment (SIA) ပြည်သူများ၏ လူမှုရေး ထိခိုက်စေနိုင်မှု လေ့လာဆန်းစစ်ချက်များ ပါဝင်သဖြင့် Enviromnental Management Plan ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မည့် အစီအမံတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး ထိခိုက်မှုများကို လျော့နည်းပပျောက်စေရန် ဆောင်ရွက်မည့် အစီအမံများ ပါဝင်မှာဖြစ်ပါတယ်။

(၄) စက်ရုံမှ ထွက်ရှိသော အခိုးအငွေ့ များနှင့် ပတ်သက်၍ နိုင်ငံတကာစံ သတ်မှတ်ချက်များ ထုတ်ပြန်ထားပြီး ဖြစ်သဖြင့် နိုင်ငံတကာ စက်ရုံ၊ အလုပ်ရုံများသည် ယင်းသတ်မှတ်ချက်ကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိစေရန် မီးခိုးခေါင်းတိုင်မှ လေထုအတွင်းသို့ ဓာတ်ငွေ့များ ထုတ်လွှင့်မှုမပြုမီ လိုအပ်သော ပြုပြင်စီရင်မှု Treatment များ ပြုလုပ်ပေးရပြီး တစ်ခါတရံ ပြုပြင်စီရင်ပေးသည့် စက်ကို ရိယာစနစ် Treatment System ချို့ယွင်းမှားယွင်းမှုများကြောင့် မီးခိုးခေါင်းတိုင်မှ ထုတ်လွှ တ်သော ဓာတ်ငွေ့များ၌ မလိုလားအပ်သော ဓာတ်ငွေ့ များ ပါဝင်မှု များပြားခြင်း ဖြစ်ပေါ်နိုင် ပါတယ်။ ယင်းသို့ ဖြစ်ပေါ်သည့်အခါ အချိ န်ပြည့် စောင့်ကြည့် ထောက်လှမ်း သည့်စနစ် Chimney Gas Monitoring System သည် စက္ကန့်ပိုင်းအတွင်း သိရှိနိုင်သဖြင့် ဓာတ်ငွေ့များ လေထုအတွင်းသို့ ထုတ်လွှတ်မှု မပြုမီ Treatment System အား အချိန်မီ ပြန်လည် စစ်ဆေး ပြုပြင်နိုင်မှာ ဖြစ်ပါတယ်။ တည်ဆောက်မည့် ရေနံချ က်စက်ရုံသည် မီးခိုးခေါင်းတိုင် အပြင် ရေဆိုးများ အပါအဝင် အခြားစွန့်ပစ်ပစ္စည်းများကိုလည်း နောက်ဆုံးပေါ် ခေတ်မီ စက်ကိရိယာများဖြင့် Treatment ပြုလုပ်ပြီး ဘေးအန္တရာယ် ကင်းရှင်းစေရန် ဆောင်ရွက်မည့် အစီအစဥ်များ ပါရှိမည်ဖြစ်၍ ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရန် စီမံဆောင်ရွက် ထားပါတယ်။

(၅) မြန်မာနိုင်ငံသည် ရေနံထွက်ကုန်ပစ္စည်းဖြစ်သည့် ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ အဆင့်မြင့်ဓာတ်ဆီ(Octane)၊ လေယာဥ်ဆီ၊ ရေနံဓာတ်ငွေ့ရည်(LPG)နှင့် လမ်းခင်းကတ္တရာများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရပါတယ်။ ရေနံချက်စက်ရုံ စီမံကိန်း စတင်လည်ပတ်နိုင်သည့်အခါတွင် ၎င်းရေနံထွက်ပစ္စည်းများအပြင် စက်မှုလုပ်ငန်းသုံး ပလတ်စတစ် ကော်စေ့မှုန့်၊ ကော်စေ့နှင့်

ကန့်မှုန့်(Sulphur)များ၊ Propane ဓာတ်ငွေ့များ စသည်တို့ ထွက်ရှိလာမှာ ဖြစ်ပါတယ်။ ရေနံထွက်ကုန်ချောများ ဝယ်ယူတင်သွင်းနေရမှု အစား ရေနံစိမ်းကုန်ကြမ်းကို ဝယ်ယူပြီးကုန်ချော ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ပါတယ်။ စီမံကိန်းတည်ဆောက်ရန်အတွက် ခန့်မှ န်းရင်းနှီးမြှုပ်နှံမှု တန်ဖိုး မှာ အမေရိကန်ဒေါ်လာ(၂၅၂၁)သန်းဖြစ်ပြီး၊ ယင်းငွေပမာဏကို တရုတ်နိုင်ငံမှ စိုက်ထုတ်ထားသဖြင့် ကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ရေနံထွက်လောင်စာ စွမ်းအင်များသည် Strategic Item များ ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အနေဖြင့် သိုလှောင်သိမ်းဆည်းထားနိုင်သဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူ ဖြစ်စေပါကြောင်းနှင့် စက်မှုသိပ္ပံနှင့် နည်းပညာအသစ်များကို လွှဲပြောင်းရယူနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါတယ်။

(၆) ဒေသခံပြည်သူများ အနေဖြင့်လည်း စီမံ ကိန်း စတင် ချိန်မှစ၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိလာခြင်း၊ စက်ရုံလည်ပတ်သည့် အချိန်တွင် ထုတ်လုပ်မှုလုပ်ငန်းများတွင်သာမက စက်ရုံထွက် ကုန်ချောပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း စသည့် အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ စက်ရုံအတွက် လိုအပ်သည့် ဝန်ထမ်း(၁၈၅၀)ဦးခန့်ကိုလည်း ဒေသခံပြည်သူများထဲမှ ဦးစားပေး ခန့်ထားရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။ အင်ဂျင် နီယာနှင့် ကျွမ်းကျင်ပညာရှင် များအတွက် ဒေသခံပြည်သူများမှ ရွေးချယ် စုဆောင်း၍ စက်ရုံတည်ဆောက်ဆဲ ကာလမှာပင် တရုတ်နိုင်ငံရှိ အလားတူ စက်ရုံများသို့ ကြိုတင်စေလွှတ် လေ့ကျ င့်သင်ကြားစေမည် ဖြစ်ပါတယ်။ စက် ရုံမှ ထွက်ရှိလာမည့် ဘေးထွက် ကုန်ချောပစ္စည်းများဖြစ်သည့် စက်မှု လုပ်ငန်းသုံး ကော်စေ့များကို အသုံးပြုသော စက်ရုံများ လည်း စက်ရုံပတ်ဝန်းကျင်တွင် တည် ထောင်နိုင်၍ စက်မှုလုပ်ငန်းများလည်း ထွန်းကာလာကာ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် တစ် ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာဗညားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များ ကျန်းမာရွှင်လန်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကို ယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုး ဖြစ်ပါတယ်။ ယခုကျွန်တော်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံအကြံပြု ဆွေးနွေးသွားပါမယ်။ ဖတ်ကြားဆွေးနွေးခွင့်နှင့် အင်္ဂလိပ်စကား သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်သော ဥ က္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ ဖြစ်တဲ့အတွက်ကြောင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် တစ်ပိုဒ်ချ င်းစီ ဆွေးနွေးသွားပါမယ်။ အဲဒီတော့ အပိုဒ် (၂၀)မှာ တောင်သူလယ်သမား အသင်းဖွဲ့တဲ့ကိစ္စမှာ သတိထားရန် ကျွန်တော်က ကော်မတီကို အကြံပြုလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ခေတ်အဆက်ဆက် ပြောင်းလာတဲ့အခါမှာ ကျွန်တော်တို့ အတွေ့အကြုံတစ်ခု ရှိခဲ့တယ်။ ဘာလဲဆိုတော့ ဘယ်ခေတ်ပဲ ပြောင်းပြောင်း အဲဒီပုဂ္ဂိုလ်တွေ ရပ်/ရွာထဲမှာပဲဖြစ်ဖြစ်၊ မြို့မှာပဲ ဖြစ်ဖြစ် သူတို့က ရှေ့တန်းမှာ ရောက်နေပါတယ်။ အခွင့်အရေးကောင်းကို ကောင်းကောင်းယူတတ်ပါတယ်။ ဒီကနေ့ ကျွ န်တော်တို့ အဲဒီထဲက တောင်သူလယ်သမား အသင်းအဖွဲ့ပဲ လုပ်လုပ်၊ ငွေရေးကြေးရေး ပတ်သက်ပြီးတော့ ရောင်းတာ၊ ဝယ်တာ၊

လျှောင်တာ ဘာပဲလုပ်လုပ် အဲဒီလို အခွင့်အရေးသမားတွေက နေပြီးတော့ အမြတ်ထုတ်သွားပြီးတော့ ကျွန်တော်တို့ တောင်သူလယ်သမားအတွက် ဘာမှအကျိုးမရှိဘူး။ ကျွန်တော်တို့ စီးပွားရေးကလည်း ရည်မှန်းချက်နဲ့ မကိုက်ညီ မှာ ဖြစ်နိုင်တယ်။ ဒါကို သတိထား ပြီးတော့ ဆောင်ရွက်နိုင်ဖို့ ကျွန်တော် ဒီကော်မတီကို အကြံပြုလိုပါတယ်။

နောက် အပိုဒ် (၂၁) အနေနဲ့ ဆန်စပါးအထူးပြုကုမ္ပဏီ ကို မျိုးချစ်စိတ်ဓာတ်နဲ့ အဓိက စည်းရုံးဖို့ဆိုတဲ့ အချက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ စီးပွားရေးဆိုတော့ စီးပွားရေး ဆန်ဆန်ကို အဓိကထားစေ လိုတယ်။ ဒီ စီးပွားရေးသမားက မျိုးချစ်စိတ်ဓာတ်နဲ့ကတော့ အဓိက ထားမှာတော့ မဟုတ်ဘူး။ ဒါ ပေမဲ့ ကျွန်တော်တို့ စီးပွားရေး ဆန်ဆန် Biliteral Benefit ပုံစံမျိုး နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်၊ အထူးပြုကုမ္ပဏီတွေကလည်း အမြတ်ရှိအောင်၊ နောက်ပြီးတော့ တောင်သူလယ်သမားအတွက်လည်း အကျိုးရှိအောင် အဲဒီနည်းလမ်းကို အဓိက ရှာကြံဖို့၊ အလေးအနက်ထားဖို့ ဒါကို ကျွန်တော် အကြံပြုလိုပါတယ်။

အပိုဒ်(၂၂)မှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကို တာဝန်ခွဲဝေပေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အများကြီးထောက်ခံပါတယ်။ ဘာလဲဆိုတော့ ဒါ ကျွန်တော်တို့ ၁၉၆၂ ခုနှစ် ကနေပြီးတော့ ၂၀၁၀ ခုနှစ်အထိ အင်မတန်တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင် မှုစနစ်နဲ့ အစစ အရာရာ လုပ်ခဲ့တဲ့ဥစ္စာကို ကျွန်တော်တို့က ဘယ်လိုတွေ့ခဲ့သလဲ။ ဘယ်လောက်ဆုံးရှုံးသလဲ။ ကျွန်တော်တို့ တိုင်းပြည် ဘယ်လောက် ခေတ်နောက်ကျသွားသလဲ။ အဲဒီတော့ ဒါကို ကျွန်တော် တို့က ဘာလဲ ဆိုတော့ ကုစားရမယ်။ ဒီအချိန်မှာ ကျွန်တော်တို့ အမြန်ဆုံး သူများကိုမီအောင် အမြန်ဆုံး ကုစားဖို့ လိုပါတယ်။ အဲဒီတော့ ဒီ ဗဟိုချုပ်ကိုင်မှုနဲ့ ကျွန်တော်တို့က လုပ်လို့မရဘူးဆိုတာ ထင်ရှားတဲ့ အတွက်ကြောင့် ဒီကနေ့ ကျွန်တော်တို့က ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပြီးတော့ Centralization ကနေပြီးတော့ Decentralization လုပ်ဖို့ အရေးကြီးတယ်။

ဒီ ကော်မတီက ဒါကို တင်ပြဆွေးနွေးထားတာ ကျွန်တော် အင်မတန်ပဲ တွေ့ရတာ အင်မတန် အံ့ဩပြီးတော့ အမြင်သစ် ဒီ အမျိုးသားလွှတ်တော်က စီးပွား /ကူးသန်း ကော်မတီဟာ ဒါ ခေတ်မီတယ်။ သစ်လွင်တဲ့ အမြင်ရှိတယ်။ အဲဒီတော့ ဒီလို အစီရင်ခံစာကို ကျွန်တော် ဒီအပိုင်းကိုတော့ အများကြီးထောက်ခံပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကော်မတီတွေဟာ ဒီကနေ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဖွဲ့ထားတဲ့ ကော်မတီတွေ၊ ဟိုမှာ ဒါ စီးပွား /

ကူးသန်းရောင်းဝယ်ကော်မတီ၊ နောက် ASEAN Economic Community Committee အာဆီယံ စီးပွားရေးအသိုက်အဝန်း ကော်မတီ၊ နောက်ပြီးတော့ ပြည်ထောင် စုအစိုးရဌာနဖြစ်တဲ့ ဒါ အဲဒီ ကော်မတီတွေဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာချည်းပဲ မဟုတ်ဘူး။ ပြည်သူ့လွှတ်တော်မှာလည်း ရှိတယ်။ အဲဒီကော်မတီတွေအားလုံး နောက်ပြီးတော့ လယ်ယာ/ဆည်မြောင်း ဝန်ကြီးဌာနတို့၊ စီးပွား /ကူးသန်းရောင်းဝယ်ရေးဌာနတို့၊ သမဝါယမ ဝန်ကြီးဌာနတို့၊ သယ်ယူပို့ဆောင်ရေးဌာနတို့၊ လမ်းပန်းဆက်သွယ်ရေးဌာနတို့၊ အကောက်ခွန်ဌာနတို့ နောက်ပြီးတော့ လွှတ်တော်ထဲမှာရှိတဲ့ ဒီကျွမ်းကျင်တဲ့၊ အမျှော်အမြင်ရှိတဲ့ လွှတ်တော်ကိုယ်စား လှယ်တွေအားလုံး အဲဒါ ကျွန်တော်တို့ ပူးပေါ င်းပြီးတော့ ကျွန်တော်တို့က မကြာမကြာ ဆွေးနွေးပွဲ၊ အမြင်ချ င်း ဖလှယ်တဲ့ နှီးနှောဖလှယ်ပွဲ(Seminar)လို ကျွန်တော်တို့ ခဏခဏလုပ်ပေးဖို့ လိုတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ဦးနှောက်ချည်းပဲ မလုံလောက်သေးဘူး။ ကျွန်တော့်အမြင်က။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကောင်းပါတယ်ဆိုတဲ့ ဦးနှောက်ဆီက ကျွန်တော်တို့ အကြံဉာဏ်ရဖို့ လိုတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေ ၊ နိုင်ငံခြားမှာရှိတဲ့ ပညာရှင်တွေလည်း အများကြီး ရှိပါတယ်။ သူတို့ ဆီက ဦးနှောက်၊ သူတို့ဆီက အတွေးအခေါ်၊ အမြော်အမြင်၊ အကြံဉာဏ် ဒါ ကျွန်တော်တို့ ရဖို့ လိုတယ်။ အဲဒီတော့ ဒီ သူများနိုင်ငံ တိုးတက်နေအောင်၊ တိုးတက်လာအောင် လုပ်တဲ့အခါမှာ ကျွန်တော် အကဲခတ်မိတယ်။ လွယ်လွယ်ကူကူပဲ တွေ့ရ မြင်ရ၊ TV ကပဲဖြစ်ဖြစ်၊ Radio ကပဲ ဖြစ်ဖြစ် တွေ့ရမြင်ရ ကြားရသလောက်ဆိုရင် Seminar ကိုလုပ်တာ၊ ပညာရှင်တွေရဲ့ အကြံဉာဏ်ကို ယူတာ၊ ဆွေးနွေးတာဟာ ဒီမိုကရေစီနိုင်ငံမှာ အင်မတန် ကျယ်ပြန့်တယ်။ အဲဒီတော့ ကျွန် တော်တို့နိုင်ငံ ဒီကနေ့ ပြန်လည် ထူထောင်တဲ့အချိန် ဒီလို ကူးပြောင်းရေးကာလမှာ ဒါကို ကျွန်တော်တို့ လွှတ်တော်ကော်မတီတွေရော၊ အစိုးရ အဖွဲ့အစည်းတွေရော၊ နောက် အပြင်က ပညာရှင်တွေရော အားလုံး ကျွန်တော်တို့ စုပေါင်း ပြီးတော့ ဒါ ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိအောင် အဲဒီလို Seminar တွေ၊ နှီးနှော ဖလှယ်ပွဲတွေ များများလုပ်ဖို့လည်း ကျွန်တော် ထပ်ပြီးတော့ ဒီအချက်ကို ကော်မတီကို အကြံပြု လိုပါတယ်။

နောက်ပြီးတော့ နောက်တစ်ချက်က နံပါတ် (၄၈)မှာ အပိုဒ် (၄၈)မှာ ပညာရှင်များ ရှားပါးတယ်ဆိုတာ ဟုတ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့မှာ ဘာအလုပ်မှမရှိတော့ ဒီပညာရှင်တွေ ပြန်လာလို့လည်း ဘာလုပ်ရမလဲ။ နောက်ပြီးတော့ ဒီကျွမ်းကျင်တဲ့ အလုပ်သမား၊ ကျွမ်းကျင်တဲ့

လုပ်သားတွေဟာ ကျွန်တော်တို့ ကျောင်းပေးလို့ သင်တန်းဖွင့်လို့ ကျောင်းမှာသင်မယ်။ ကျောင်းဖွင့်ပြီးတော့ ပညာရပ်တစ်ခုခုကို သင်မယ်ဆိုတော့ ကိုယ်သင်မယ့်ဟာက အသုံးအတည့်ရင် အလုပ်မရှိလည်း အလကားဖြစ်တယ်။ ကျွန်တော်တို့ အလုပ်တွေ ရှိလာတဲ့အချိန်မှာနော် ဥပမာ စက်ရုံတစ်ခု ပေါ်လာတယ်။ အဲဒီတော့ အလုပ်သမားတွေ ဝင် မယ်။ ကျွန်တော်တို့ မြန်မာပြည်က လူဟာ (၁၀)တန်းအောင်တို့၊ တက္ကသိုလ်ဘွဲ့ရတို့ဆိုတာ ပညာတတ်တွေ အများကြီးပဲ။ အဲဒီ ပညာအခြေခံရှိတဲ့လူဟာ အဲဒီလုပ်ငန်းတစ်ခုခုမှာ အောက်ခြေအလုပ်ကနေ လုပ်ပြီးတော့ လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှု အတွေ့အကြုံ ရလာမှာပဲ။

အခု ကျွန်တော်တို့ နိုင်ငံသားအချို့က ပြောတယ်။ နိုင်ငံခြားမှာ အလုပ်လုပ်တာ (၅)သန်းလောက်ရှိတယ်။ ဒါ အချို့ကပြောတော့ (၃)သန်းလောက် ရှိတယ်။ ကျွ န်တော့်အမြင်ကတော့ (၃)သန်းထက် မနည်းဘူး။ အဲဒီကျွန်တော်တို့ နိုင်ငံ ဥပမာ အချို့နိုင်ငံမှာ သွားလုပ်တယ်။ တကယ်လို့ မတားထားဘူးဆိုရင် ကျွန်တော်တို့ နိုင်ငံသားတွေဟာ ကျွမ်းကျင်တဲ့အလုပ်ထိပ်ပိုင်းကို တက်သွားပါတယ်။ အဲဒီတော့ သူတို့က ဒါကို တားထားတယ်။ သူတို့ နိုင်ငံသား၊ သူတို့ရဲ့ တိုင်းရင်းသားနိုင်ငံသားအတွက် အလုပ်နေရာ မလျော့ပါးသွားအောင် ဒါကို ကျွန်တော်တို့ နိုင်ငံသားကို တားထားရတယ်။ ဥပဒေနဲ့ကို တားထားတာ။ အဲ ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလို လုပ်ငန်းမျိုးရှိမယ်ဆိုရင် ကျွမ်းကျင်တဲ့အလုပ်သမားတွေ အများကြီး ပေါ်လာမယ်။

ဒီကနေ့ ဘွဲ့ရထားတဲ့ အင်ဂျင်နီယာ၊ ဘာတို့ အများကြီးရှိတယ်။ စိုက်ပျိုးရေးက အစပေ့ါ။ ဒါ လုပ်ငန်းအတွေ့အကြုံ မရှိလို့။ တကယ်လို့ လုပ်ငန်းအတွေ့အကြုံ ရလာမ ယ်။ ဒီလူတွေဟာ တကယ်ကျွမ်းကျင်တဲ့ ပညာရှင်တွေ ဖြစ်လာမှာပဲ။ ဒါကတော့ ကျွန်တော့်အနေနဲ့ကတော့ အလုပ်ဖြစ်လာဖို့၊ အလုပ်ရှိလာဖို့ အရေးကြီးတယ်။ ကျွန်တော်တို့ နိုင်ငံသားက ကျွန်တော်တို့နိုင်ငံက လူတွေဟာ ဦးနှောက်ကောင်းပါတယ်။ ဒီမှာ ကျွန်တော် အတွေ့အကြုံ တစ်ခု ကျွန်တော်ပြောပြမယ်။ ဒီ ၁၉၈၈ ပြီးတဲ့နောက်ပိုင်းဆိုပါတော့ ကျွန်တော်တို့ အပေါင်းအသင်းတွေ လမ်းခွဲကြတယ်။ ကျွန်တော်က ကိုယ့်တိုင်းပြည် ကိုယ်ပြန်တယ်။ ကိုယ့်အိမ် ကိုယ်ပြန်တယ်။ အချို့က အိမ်မပြန်ဘူး။ နိုင်ငံခြားသွားတယ်။ ကျွန်တော် မေးကြည့်တယ်။ နောက်တွေ့တဲ့အခါကျတော့ ဘယ်လိုနေလဲ။ ဟို မှာနေတာ ကလေးတွေ၊ ဘာတွေ။ သူတို့နေတဲ့ နိုင်ငံမှာ နိုင်ငံပေါင်းစုံက လူမျိုးတွေရှိတယ်။ အာဖရိကတို့၊ အာရှတို့၊ နောက်ပြီး တော့ ဥရောပ အဲဒီအထဲက

ကလေးတွေ အားလုံးမှာတဲ့ အာရှတိုက်က ကလေးတွေ ဒါ Reserve လုပ်တဲ့ သဘောမျိုး မဟုတ်ဘူး။ ဒါ အတွေ့အကြုံ သူပြောပြတယ်။ သူက IQ အကောင်းဆုံးပဲတဲ့ နောက်အာရှတိုက် ထဲမှာ ကျွန်တော်တို့ မြန်မာပြည်က ကလေးဟာ အကောင်းဆုံးပဲ။ ထိပ်ဆုံးကပဲ၊ ဒါတော်တော်လေး ဝမ်းသာစရာ ကောင်းတယ်။

အဲဒီတော့ ကျွန်တော်တို့က စနစ်သာ မှန်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ဟာ ကျွန်တော်တို့ လူမျိုးတွေရဲ့ အရည်အချင်းနဲ့ဆိုရင် လွယ်လွ ယ်လေးပဲ မခက်ပါဘူး။ ကျွမ်းကျင်တဲ့ အလုပ်သမားဆိုတာ မခက်ဘူး။ အခု ကျွမ်းကျင်တဲ့ အလုပ်သမား သူများနိုင်ငံမှာ တားထားလို့ ကိုယ့်နိုင်ငံကလူ ကျွမ်းကျင်တဲ့နေရာမှာ များများ ရသွားရင် သူတို့ဆီက ကျွ မ်းကျင်တဲ့သူတွေက အလုပ်မရမှာကြောက်လို့ အဲဒါကို ထိန်းထားရတယ်။ အဲဒီတော့ နောက်တစ်ခုက ကျွန်တော်က AFTA ဆိုတာ ၂၀၁၅ ခုနှစ်မှာ ဝင်လာလိမ့်မယ်။ အဲဒီမှာ ကျွမ်းကျင် Free, Flow of Skills Woker တို့၊ Talent တို့ အဲဒါတွေရှိတယ်။ အဲဒီတော့ အဲဒီအချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံသားကလည်း ကျွန်တော်တို့ဘက်ကို ပြန်လာချင် ပြန်လာမယ်။ သူတို့ကို အခြား နိုင်ငံ ကလည်းပဲ ကျွမ်းကျင်တဲ့သူတွေ ကျွန်တော်တို့ဆီ ရောက်လာမယ်။ နောက် ကျွန်တော်တို့ဆီက နောက် ကျွမ်းကျင်တဲ့သူ အသစ်တွေ ပေါ်ပေါက်လာမယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ ကျွန်တော့်လုပ်ငန်း အတွေ့အကြုံရော၊ ကြားမြင်တာ၊ တွေ့မြင်ရတဲ့အခါကျတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ ဒီကနေ့ အခြေအနေမှာ မလုပ်ရသေးလို့ ခက်တယ်လို့ စဉ်းစားတယ်။ တကယ်တော့ ကျွန်တော်တို့ သေသေချာချာ အဲဒီလို ဖွင့်ချပြီးတော့ လုပ်မယ်ဆိုရင် ကျွန်တော်ထင်တာတော့ အများကြီး ကောင်းတယ်။ ထင်တာထက် အများကြီးကောင်းမယ်လို့ ကျွန်တော် အဲဒီလိုမြင် ပါတယ်။

နောက်တစ်ခုက အပိုဒ် (၆၂)မှာ ရင်း နှီးမြှုပ်နှံမှုကိစ္စ။ ကော်မတီက တင်တာတော့ ကျွန်တော် အများကြီးထောက်ခံတယ်။ အပြည့်အဝထောက်ခံတယ်။ ဘာလဲဆိုတော့ ဒီမှာ မှတ်သား စရာ အချက်တစ်ခုမှာ နိုင်ငံတကာကုမ္ပဏီများနဲ့ အရင်းအနှီး၊ နိုင်ငံရပ်ခြားမှ အရင်းအနှီး များကို အလွန်အကျွံမှီခိုခဲ့ပြီး တစ်ပြိုင်နက် ပြည်တွင်း ရှိ အမျိုးသား လုပ်ငန်းရှင်များကို ဖွံ့ဖြိုးလာအောင် မမြှင့်တင်ပေးနိုင်ခြင်းကြောင့် အချို့တိုင်းပြည်မှာ အထိနာခဲ့တယ်။ ဒါလက်တွေ့ပဲ။ (၁၀)နှစ်တောင် မကြာသေးဘူး။ ဒါ လက်တွေ့ပဲ။ ဒီဟာလည်း မှန်တယ်။ ကျွန်တော်တို့က နိုင်ငံခြားချည်းပဲ

အရင်းအနှီးကိုပဲ အားကိုးနေလို့ မရဘူး။ နောက် ကျွန်တော် တစ်ခုအကြံပြုချင်တာက ဘာလဲဆို ကျွန်တော်တို့ကို လွှတ်တော်မှာ အကြံပြုရင်လည်း မမှားဘူးလို့ ကျွန်တော်ထင်တယ်။

အခု ကျွန်တော်တို့ တိုင်းပြည်က လူတွေဟာ ဒီအနှစ် (၂၀)အတွင်းမှာ ထုတ်လိုက်တဲ့ သစ်တွေ၊ ထုတ်လိုက်တဲ့ ကျောက်စိမ်းတို့၊ ပတ္တမြားတို့၊ သယံဇာတတွေ အမျိုးစုံ လုပ်ခဲ့တဲ့ဥစ္စာမှာ နောက် အခြားအခွင့်အရေးတွေ အများကြီးရတဲ့နေရာမှာ ငွေရှင်ကြေးရှင် အင်မတန်ကြီးမားတဲ့ သူဌေးကြီးတွေ ရှိပါတယ်။ ဖြစ်လာပါတယ်။ ဒါကို ကျွန် တော်တို့က ဘာလဲဆိုတော့ ဒီငွေတွေ အားလုံးဟာ ကျွန်တော်တို့နိုင်ငံရဲ့ Capital ဖြစ်ဖို့နော်။ အဲဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ Crony ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ် ကျွန်တော်တို့ မုဒိတာပွားဖို့ လိုတယ်။ သူတို့ရဲ့ ငွေတွေအားလုံးဟာ ကျွန်တော်တို့ တိုင်းပြည်မှာ သုံးဖို့။ ကျွန်တော်တို့နိုင်ငံမှာ Capital ဖြစ်မယ်။ ကျွန်တော်တို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ်။ ကျွန်တော်တို့ လု ပ်ငန်း ကုန်ထုတ်လုပ်မှု တိုးတက်မယ်။ ကျွန်တော်တို့ နိုင်ငံသားတွေ အလုပ်ရမယ်။ သူတို့ ကြိုက်သလောက်စား၊ ကြိုက်သလောက်သုံး ရှိတဲ့ပိုက်ဆံ၊ ကျန်တဲ့ပိုက်ဆံ ကျွန်တော်တို့ တိုင်းပြည်မှာ အသုံးပြုဖို့ ဒါကို ကျွန်တော်တို့က ဘာလဲဆိုတော့ မုဒိတာပွားပြီးတော့ နော် ဒီအကာအကွယ်ပြု တဲ့ ဥပဒေ လုပ်သင့်လည်း လုပ်ဖို့ ကောင်းပါ တယ်လို့ ကျွန်တော်မြင်တယ်။

နောက် မဟုတ်ဘူးဆိုရင် ဒီမိုကရေစီနိုင်ငံပဲပြောပြော စီးပွားရေး၊ ဘဏ်လုပ်ငန်း အဓိကကျတဲ့ နိုင်ငံတွေက ဒီပိုက်ဆံတွေက ဟိုမှာ သွားထည့်မယ်။ သူတို့ အတိုးနည်းနည်းပဲ ပေးမယ်။ နောက်ပြီးတော့ အခြားနိုင်ငံကို ပဲ ချေးမယ်။ အဲဒီ ဘဏ်နဲ့ လုပ်စားနေတာ နိုင်ငံ (၂)၊ (၃)နိုင်ငံ ဘဏ်ထဲကို ရောက်သွားရင် ကျွန်တော်တို့ တိုင်းပြည် နာတာပဲ။ အဲဒီတော့ ကျွန်တော်တို့ ငွေတွေ အားလုံး တိုင်းပြည်က ရှိတဲ့ငွေတွေအားလုံး ကျွန်တော်တို့ တိုင်းပြည်မှာ အလုပ်လုပ်ဖို့၊ ငွေကို အသုံးချဖို့ ဒါကို ကျွန်တော်တို့အနေနဲ့ မုဒိတာပွားပြီးတော့ ကိုယ့်တိုင်းပြည်အတွက် အကျိုး ရှိအောင် ကျွန်တော် တို့ ဘယ်လိုဆွဲဆောင်မလဲ။ ဘယ်လို စည်းရုံးမလဲ။ ဘယ်လို ဥပဒေတွေ ချမလဲ။ ဒါလည်း ခုနတုန်းက အဲဒီအပိုဒ်နဲ့ ပတ်သက်ပြီးတော့ ဒီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုချည်းပဲ အားကိုးနေတာထက်ကို ဒါကို ကျွန်တော် တို့လုပ်နိုင်ရင် တစ်မျိုးအကျိုးရှိမယ်လို့ ဒါ ကျွန်တော် မြင်တယ်။ ကော်မတီကို ကျွန်တော် ဒီတစ်ချက်ကို အကြံပြုလိုက်ပါတယ်။

နောက် အပိုဒ် (၆၂)၊ အခြေခံပညာရေးကအစ ပညာပေးတဲ့အပိုင်းမှာ ကျွန်တော် နည်းနည်းဆွေးနွေးချင်တာက ဘာလဲဆိုတော့ ဒီအခြေခံပညာမှာ ခုနက အသက်မွေးဝမ်းကျောင်း တတ်နိုင်သလောက် ထည့်ပေးဖို့ လိုတယ်။ ဒါပေမဲ့ ဆရာ မလုံလောက် တာလည်း ရှိမယ်။ ဆရာ ကလည်း အတွေ့အကြုံ မရှိတာလည်း ဖြစ်မယ်။ နောက် တဖြည်းဖြည်း အတွေ့အကြုံ ရှိလာ လိမ့်မယ်။ အဲဒီတော့ အဲဒီမှာ ဒီ ကော်မတီက အကြံဉာဏ် ပေးတာထက်ကို ကျွန်တော် နည်းန ည်း စိုက်ပျိုးရေး၊ မွေးမြူရေးပါ။ ကျောင်းမှာကတည်းက အခြေခံပညာမှာကတည်းက အဲဒါထည့်ပေးဖို့၊ ကျောင်းသားတွေကို သင်ပေးဖို့၊ တတ်နိုင်သလောက် လုပ်ပေး နိုင်ဖို့ ဒါကို အကြံပြုပါတယ်။

နောက်ပြီးတော့ ပညာပေးမှု အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ဒီကော်မတီက Radio တွေ ဒီတောင်သူလယ်သမားတွေဆီ ကိုလည်း ရောက်အောင် နောက်ပြီးတော့ TV လိုင်း၊ Radio လိုင်းတစ်လိုင်း ချပေးပြီး အမြဲတမ်း လုပ်ဖို့ဆိုတာ နည်းသေးတယ်။ ကျွန်တော့်အမြင်ကတော့ TV ပါ လိုတယ်။ ကျွန်တော် တွေ့ရတာ အတွေ့အကြုံတစ်ခုက ဘာလဲဆိုတော့ အချို့နယ်တွေမှာ ဘာမှ ဗဟုသုတ သိပ်မရှိဘူး။ Radio တွေ လိုက်ဝေပေးတာ အချို့အဖွဲ့တွေ၊ NGO တွေ။ Radio တွေ လိုက်ဝေပေးတဲ့အတွက်ကြောင့် ဒီလူတွေ Radio နားထောင်ဖြစ်တယ်။ နောက်ပြီးတော့ အခုက စနစ်က ပိုလွယ်တယ်။ TV Sattelite System နဲ့ ရွာတစ်ရွာမှာ စလောင်းတစ်ခု၊ TV တစ်လုံး အစိုးရပဲ ဖြစ်ဖြစ်၊ အသင်းအဖွဲ့ပဲဖြစ်ဖြစ် ဒါတွေကို ထောက်ပံ့ထားပေးမယ်ဆိုရင် စိုက်ပျိုးရေး ပညာပေးရေးမှာ TV က Radio ထက်ကို ပိုကောင်းတယ်။ Radio က နားနဲ့ပဲ ကြားရတယ်။ TV က အရုပ်လည်းပါတယ်။ Demostration လုပ်ပြတယ်။ သရုပ်ပြလို့ ရတယ်။

အဲဒီတော့ ပြည်သူတွေဆီအရောက် အဲဒီတော့ ပညာပေးမှုဟာ အင်မတန်အရေး ကြီးတယ်။ သူများနိုင်ငံမှာ အဲဒီလို လုပ်တယ်။ ပညာ ပေးမှုက ပြည်သူတွေဆီအရောက် လူ ကိုယ်တိုင် သွားရင်လည်း လွယ်လွယ်ရောက်သလောက် ရောက်မယ်။ လူကိုယ်တိုင်လည်း သွားမယ်။ ကျောင်းမှာလည်း သင်မယ်။ အိမ်မှာရှိတဲ့ လူ၊ လယ်ထဲမှာရှိတဲ့ လူလည်း ကြားအောင်၊ မြင်အောင် ဒါလည်း ဒီခေတ် ကျွန်တော်တို့ လုပ်လို့ရတယ်။ အဲဒါကိုလည်း ကျွန်တော် တို့ သေသေချာချာလုပ်ဖို့လိုတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ တိုင်းပြည်မှာ တစ်ခုထူးခြားတာ၊ ထူးခြားချက်တစ်ခု ရှိသေးတယ်။ ဘာသာစကားကိစ္စ။ ဘာသာစကားမှာလည်း အရေးကြီးတယ်။ ဗမာလိုချည်းပဲ ပြောနေရင် တိုင်းရင်းသားတွေ ခေါင်း တော့ညိတ်တာပဲ။ နောက်တော့ ဘာမှလဲ

မလုပ်တတ်၊ ဘာမှလဲ နားမလည်ဘူး။ အဲဒီတော့ တိုင်းရင်းသား ဘာသာစကားတွေလည်း အမျိုးစုံနဲ့ အဲဒီပညာပေးမှု။ အဲဒီတော့မှ ကျွန်တော်တို့က တစ်နိုင်ငံလုံး တိုးတက်ဖို့အတွက် အထောက်အကူ အကြီးအကျယ် ဖြစ်မယ်။ ဘာလို့လဲဆို ကျွန်တော်တို့ ဒီမဖွံ့ဖြိုးသေးရာကနေ ပြီးတော့ ဖွံ့ဖြိုးအောင်လုပ်တဲ့ နိုင်ငံတွေမှာ အဲဒီလို လုပ်သွားတာရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီပညာပေးတဲ့ အပိုင်းမှာ အဲဒါကို ကျွန်တော် ထပ်ဖြည့်ပြီးတော့ အကြံဉာဏ်ပေးလိုပါတယ်။

နောက်ပြီးတော့ အပိုဒ် (၆၅)မှာ ဆန်စပါး ဈေးနှုန်း၊ ဆန်စပါးကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းဆွေးနွေးလိုပါတယ်။ ဆန်စပါးကို ကော်မတီအနေနဲ့ အကြံပြုတာနဲ့ ကျွန်တော် အကြံထပ်ပြုချင်တာက ဘာလဲဆိုတော့ ပဲ ဖြစ်ဖြစ်၊ မြေပဲ ဥပမာ - ပဲခြမ်း ပါတယ်။ အိန္ဒိယပြည်ကို ပို့တယ်။ ပဲ အမျိုးစုံ ကျွန်တော်တို့ မြန်မာပြည်မှာ ပဲဆိုတာလည်းပဲ အားပေး ပြီးတော့စိုက်။ ကျွန်တော့်အမြင် သူများနိုင်ငံမှာ လုပ်တဲ့ပုံစံ။ စပါးစိုက် တဲ့နေရာရှိရင် စပါးကို အထွက်များအောင်စိုက်။ စပါး Quality ကောင်းအောင်လုပ်။ အဲဒီတော့ ဈေးကျလာမယ်ဆိုရင် မျှတတဲ့ဈေးပေါ့။ ဥပမာ- မနှစ်က ကျွန်တော် ရေးမြို့နယ်မှာ ကျွန်တော် နယ်ဆင်းတဲ့အခါကျတော့ ရေးမြို့နယ်က လူတွေပြောတယ်။ ရေးမြို့နယ်က လူတွေပြောတာ တစ်တင်းကို (၅၀၀၀)လောက် ရမှ ကိုက်မယ်တဲ့။ ဒါ အခိပ္ပာယ်က (၅)သိန်း ပေါ့။

အဲဒီတော့ တစ်နိုင်ငံလုံး အတိုင်းအတာကို ကြည့်ပြီးတော့ ဈေးကကျသွားပြီ၊ သိပ်ကျ သွားပြီ။ တောင်သူလယ်သမားတွေက ဒုက္ခရောက် ပြီးတော့ နောင်နှစ်ဆက်လုပ်ဖို့အတွက် နောက်နှစ် ကုန်ထုတ်လုပ်မှု ကျတယ်။ အဲဒီတော့ တောင်သူလယ်သမားတွေက ကျွန်တော်တို့က ဒီနှစ် ခန့်မှန်းခြေနဲ့ ဈေးကျစရာ ရှိတယ်။ လယ်ကို လျှော့ပြီးတော့ စိုက်ပါလို့ ကျွန်တော်တို့ အဲဒီလိုသွားပြောရင် လယ်သမားတွေကို လယ်လျှော့ပြီး စိုက်ရမယ့် အတွက်ကို ကျွန်တော်တို့ ဘာကို ----------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဒေါက်တာဗညားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)**။ ။ ------------- တောင်သူလယ်သမားတွေကို ကျွန်တော်တို့ အလုပ်ထပ်ပေးဖို့လည်း မလွယ်ဘူး။ အဲဒီတော့ အကောင်းဆုံးက ဘာ လဲဆိုတော့ အစိုးရအနေနဲ့ မျှတတဲ့ဈေးပေါ့။ (၄)သိန်းပဲဖြစ်ဖြစ်၊ (၅)သိန်း ပဲဖြစ်ဖြစ် အကုန်လုံးဝယ်။ အထူးရန်ပုံငွေကို ထားတတ်ရမယ်။ အကုန်လုံးဝယ် သိုလှောင်။

ဒါပေမဲ့ သိုလှောင်တဲ့အခါမှာ ပြဿနာရှိတယ်။ ခိုးမယ်။ မှိုပေါက်မယ်။ ပျက်မယ်။ ဒါကို အကုန်လုံး ကာကွယ်မယ်။ အခြားနိုင်ငံကလည်းဖြစ်တာပဲ။ ဒါပေ မဲ့ နောက်ဆုံးဈေးကောင်းတဲ့ အချိန်မှာ ပြန်ရောင်းရင် အရှုံးမပေါ်ဘူး။ တောင်သူလယ်သမားအတွက်လည်း အကျိုးရှိပါတယ်။ ဒါကြောင့် ဒီအချက်ကိုလည်း ကျွန်တော် ထပ်ပြီးတော့ အကြံပြုပါတယ်။

နောက်ပြီးတော့ နယ်ခြားကုန်သွယ်ရေးကိစ္စ အခုတင်ခဲ့တာ များပြီ။ ကယားပြည်နယ်၊ ကရင်ပြည်နယ်ဆိုရင် ဘုရားသုံးဆူ၊ တနင်္သာရီတိုင်းဆို မောတောင်၊ အဲဒီတော့ ဘယ်လောက် ဖြစ်လာသလဲတော့ မသိဘူး။ ဘုရားသုံးဆူကတော့ ဘာမှ မဖြစ်သေးဘူး။ ကိုယ့်ဆီက ထွက်တဲ့ ပစ္စည်းတွေ အကုန်လုံး၊ မိုင်းက ထွက်တဲ့ Antimony တွေ၊ ကျွန်းသစ်တွေ အလကားဟိုဘက်ကို တစ်ဖက်နိုင်ငံကို သွားတယ်။ နောက်ပြီးတော့ တစ်ဖက်နိုင်ငံကပစ္စည်းတွေ အများကြီးဝင်တယ်။ နောက်ပြီးတော့ ပြည်သူလူထုလည်း အခက်အခဲရှိတယ်။ အဲဒီတော့ ဒီနယ်ခြားကုန်သွယ်ရေး ဂိတ်က အရေးကြီးတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း အရေးကြီးတယ်။ နောင် ၂၀၁၅ ခုနှစ်မှာ AFTA ဝင်လာတဲ့ အချိန်မှာလည်း အဆင်သင့်ဖြစ်ရအောင် ဒီကော်မတီကို နယ်ခြားကုန်သွယ်ရေး ဂိတ်ကိစ္စလည်းပဲ အကြံပြုလိုပါတယ်။ ဒါဟာလည်းပဲ Decentralization တစ်မျိုးပဲ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအစီရင်ခံစာအပေါ်မှာ ကျွန်တော် ဒီလောက် အကြံဉာဏ်ပေးခွင့် ရတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မတီကို အထူးဖဲကျေးဇူးတင်ပါတယ်လို့ ပြောကြားရင်နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီရဲ့အစီရင်ခံစာကို ယနေ့ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပူးပေါင်းပြီး ပြန်လည် ပြုစု၍ ကော်မတီရဲ့ဆုံးဖြတ်ချက်အရ လိုအပ်သလိုဆောင်ရွက်ရန်ညွှန်ကြားပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီ၏ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းလွယ်ကူ လျင်မြန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် သက်ဆိုင်သော ဝန်ကြီးဌာနပေါင်းစုံမှ တာဝ န်ရှိသူများနှင့် သီးခြားပညာရှင်များ ပါဝင်သော ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ဒေသခံပြည်သူများ အကျိုးရှိရေး၊ နိုင်ငံတော်ဝင်ငွေ တိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ က သတ္တုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ လုပ်ငန်းလွယ်ကူ လျင်မြန်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပေါင်းစပ် လုပ်ကိုင်နိုင်ရန် သက်ဆိုင်သော ဝန်ကြီးဌာနပေါင်း စုံမှ တာဝန်ရှိသူများနှင့် သီးခြား ပညာရှင်များ ပါဝင်သော ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ဒေသခံပြည်သူများ အကျိုးရှိရေး၊ နိုင်ငံတော်ဝင်ငွေ တိုးတက်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်သွားရန်နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးလှဆွေ (အတွင်းရေးမှူး၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီရဲ့ အတွင်းရေးမှူး ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီ ရဲ့ အစီရင်ခံစာအပေါ်မှာ ၁၅-၈-၂၀၁၂ ရက်နေ့က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၆)ဦးက အကြံပြုဆွေးနွေးချက်များ

ပေးပို့ခဲ့ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် နဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦး နဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် တို့ပဲ ဖြစ်ကြပါတယ်။

အထက်ပါ အကြံပြုဆွေးနွေးချက်များအပေါ် အစီရင်ခံစာ၏ အကြံပြုတင်ပြချက် (၁၅)ချက်ကို အောက်ပါအတိုင်း ဖြည့်ဆည်းသွားမှာ ဖြစ်ပါတယ်။ (က) ဖားကန့်မှ မြစ်ကြီးနားသို့ ကျောက်သယ်ယူခွင့်ပြုရေးနှင့် မြစ်ကြီးနား၌ ကျောက်သွေး၊ ကျောက်ဖြတ် အချောထည် ဈေးကွက် ဖြစ်ပေါ်စေ၍ ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ (ခ) ဥရုချောင်း ရေစီးရေလာ ကောင်းမွန် စေရေးအတွက် အရှိန်အဟုန်ဖြင့် ပိုမိုဆောင်ရွက်ရေး၊ (ဂ) နိုင်ငံခြားသို့ သတ္တုရောင်းချရာတွင် နိုင်ငံခြားမှ ငွေမရှင်းသေးမီ သတ္တုတွင်းဝန်ကြီးဌာနသို့ ကြိုတင်၍ ဒေါ်လာသွင်းရခြင်းကြောင့် ပြင်ပမှ ဒေါ်လာ ဝယ်ယူသွင်းနေရမှုအစား နိုင်ငံခြားမှ ငွေရှင်းပြီးမှသာ သတ်မှတ်အချိုးအတိုင်း ဝန်ကြီးဌာနသို့ ပေးသွင်းခွင့်ပြုရေး ၊ (ဃ) အကြီးစားသာမက၊ အလတ်စားနှင့် အငယ်စား သတ္တုလုပ်ငန်းများ၌ပါ နိုင်ငံခြားပညာရှင်နှင့် အထောက်အကူရယူခွင့်ပြုရေး၊ (င) သတ္တုတွင်းဝန်ကြီးဌာနသည် သတ္တုတူးဖော်ခြင်းနှင့် ဆက်စပ်ပတ်သက်နေသော အခြားသော ဝန်ကြီးဌာနများနှင့် ခင်မင်ရင်းနှီးစွာ ပေါင်းစပ်ညှိနှိုင်း၍ သတ္တုကဏ္ဍ တိုးတက်အောင် လက်တွေ့ ကျကျ ကူညီဆောင်ရွက်ပေးရေး၊ (စ) သတ္တုသန့်စင်မှု ရာခိုင်နှုန်းအပေါ် ဓာတ်ခွဲစမ်းသပ်မှု အဖြေထုတ်ရာတွင် မသမာမှု မရှိစေဘဲ နိုင်ငံ့ဘဏ္ဍာလျော့နည်းမှု မဖြစ်စေရေး ၊ (ဆ) သတ္တုတူးဖော်ထုတ်လုပ်ခွင့် ရရှိရေး၌ လုပ်ငန်း ကြန့်ကြာမှု၊ ဌာနဆိုင်ရာစာရင်းဇယား ရှုပ်ထွေးမှု၊ အဆင့်ဆင့် ဖြတ်ကျော်ရသော စာရွက်စာတမ်း များပြားမှု စနစ်များအစား လွယ်ကူရိုးရှင်းလျင်မြန်သောစနစ် ပေါ်ပေါက်ရေး၊ (ဇ) သတ္တုသန့်စင် စက်ရုံများ အများအပြား ပေါ်ပေါက်လာစေရန် မြေတောင်မြှောက်ပေးရေး၊ (ဈ) သယံဇာတ၌ ပါဝင်သော ရေနံတွင်းတူး လုပ်ကိုင်ခြင်းများ၌ မျှတမှုရှိစေရန် ကော်မတီမှ ကွင်းဆင်းလေ့လာ တင်ပြရေး ၊ (ည) သတ္တုသာမက ကျောက် မျက်၊ ရေနံ၊ သဘာဝဓာတ်ငွေ့များပါ လေ့လာစူးစမ်း တင်ပြရေး၊ (ဋ) သတ္တုတူးဖော်ခွင့်ပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့ ထိရောက် လျင်မြန်စွာ လုပ်ဆောင်နိုင်ရန် ဝန်ကြီးဌာန ပေါင်းစုံပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ရေး၊ (ဌ) သတ္တုတူးဖော်ခြင်း

ကြောင့် ပျက်စီးသွားသော တောပျက်များအား တူးဖော်သူတို့ထံမှ အ ခွန်တစ်ရပ်ကောက်ခံ၍ ပြန်လည်ဖာထေး စိုက်ပျိုးနိုင်ရေး၊ (ဍ) ဝန်ကြီးဌာန မူဝါဒ မကြာခဏ ပြောင်းလဲမှု မဖြစ်စေ ဘဲ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ၏ ယုံကြည်မှု ခိုင်မာစေရေး၊ (ဎ) ကမ္ဘာ့အဆင့်မီ သတ္တုသိုက်များရှာဖွေ၍ ပြည်ထောင်စုအဆင့် သတ္တုသိုက်ကြီး များအဖြစ် သတ်မှ တ်နိုင်ရေး၊ (ဏ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် နိုင်ငံတကာ အဆင့်မီရေးတို့ပဲ ဖြစ်ပါတယ်။ သတ္တုတူးဖော်ထုတ်လုပ်ခြင်းဟာ မြေနေရာ အတည်တကျ မရှိသော လုပ်ငန်းဖြစ်၍ အဓိက ရင်ဆိုင်ရသောဌာနမှာ သစ်တောရေးရာဝန်ကြီးဌာန ဖြစ်နေပါတယ်။

သတ္တုကဏ္ဍ တိုးတက်ရေးအတွက် သစ်တောရေးရာဝန်ကြီး ဌာနနဲ့ ပူးပေါင်းကူညီ ဆောင်ရွက်ရေးဟာ အရေးပါဆုံး ရပ်တည်နေပါတယ်။ အထက်ပါ ဖြည့်စွက်ချက်များကို သတ္တုနှင့် သယံဇာတရေးရာကော်မတီ၏ အကြံပြုချက်တွင် ထည့်သွင်းနိုင်ပါရန်နှင့် ဤကော်မတီမှ အဆိုပါ အကြံပြုချက်များအပေါ် ခြုံငုံသုံးသပ်၍ အောက်ပါအဆိုတစ်ရပ် တင်သွင်းအပ်ပါတယ်။

အဆိုမှာ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ၊ လုပ်ငန်းလွယ်ကူလျင်မြန်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် သက်ဆိုင်သော ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် သီးခြားပညာရှင်များ ပါဝင်သော ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ဒေသခံပြည်သူများ အကျိုးရှိရေး၊ နိုင်ငံတော်ဝင်ငွေတိုးတက်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းဟူ၍ တင်ပြရင်း နိဂုံးအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမောင်စိန် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ၏ သတ္တုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ လုပ်ငန်းလွယ်ကူ လျင်မြန်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် သက်ဆိုင်သော ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် သီးခြားပညာရှ င်များ ပါဝင်သော ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ်

ဖွဲ့စည်း၍ ဒေသခံပြည်သူများ အကျိုးရှိရေး၊ နိုင်ငံ တော်ဝင်ငွေ တိုးတက်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးမောင်စိန်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ အမျိုးသား လွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီက တင်သွင်းတဲ့အဆိုဟာ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအရ ပေါ်ထွက်လာတဲ့အဆို ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုဟာ ဆက်လက်ဆွေးနွေးဖို့ မလိုဘဲ ဒီအဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။

ဒီအဆိုကို အတည်ပြုဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို အတည်ပြုဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီ က တင်သွင်းတဲ့ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ အတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီးငါးဖမ်းဧရိယာဖြစ်သော ကမ်းခြေမှ ရေမိုင်(၅)မိုင်အတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးခြင်းများအား ကြီးကြပ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ အတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီးငါးဖမ်းဧရိယာဖြစ်သော ကမ်းခြေမှ ရေမိုင် (၅) မိုင် အတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးခြင်းများအား ကြီးကြပ်တားဆီးပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးအုန်းတင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံး စိတ်ဝမ်းငြိမ်းချမ်းပါစေကြောင်း ဆုတောင်းရင်း ကျွန်တော်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ် (၁၀)မှ ဦးအုန်းတင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ တင်သွင်းမယ့် အဆိုတစ်ရပ်ကတော့ ရခိုင်ပြည်နယ် ကမ်းရိုး တန်းဒေသအတွင်း ကမ်းဝေးငါးဖမ်း သင်္ဘောများအား ကမ်းနီးငါးဖမ်းဧရိယာဖြစ်သော ကမ်းခြေမှ ရေမိုင်(၅)မိုင် အတွင်းသို့ ဝင်ရောက် ငါးဖမ်းဆီးခြင်းများအား ကြီးကြပ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆိုပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ ကမ်းရိုးတန်းဒေသ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ လူဦးရေ(၃)သန်းခန့် နေထိုင်ပြီးတော့ လူဦးရေရဲ့ (၆၀)ရာခိုင်နှုန်းဟာ ငါးဖမ်းလုပ်ငန်းနဲ့ အသက် မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်ကြပါတယ်။ ဒေသခံရေလုပ်သားများမှာ အရင်းအနှီး အလွန် နည်းပါးကြသူများ ဖြစ်တဲ့အား လျော်စွာ ကမ်းဝေးပင်လယ်ပြင်သို့ ထွက်၍ စက်တပ်ရေယာဉ်

ကြီးများ၊ အကြီးစား ပိုက်ကွန်များဖြင့် ဖမ်းဆီးနိုင်ကြသူများ မဟုတ်ဘဲ ကမ်းနီးတစ်လျှောက်တွင် မိရိုးဖလာ လောင်းလှေများ၊ ပဲ့ချိတ်စက်တပ်ရေ ယာဉ်ငယ်များ၊ မြင်းကောင်ရေ (၃၀)ထက် မကျော်သော အငယ်စားစက်တပ်မော်တော်ဘုတ်များ၊ အငယ်/အလတ် ပိုက်ကွန်များဖြင့် ဖမ်းဆီး အသက်မွေးဝမ်းကျောင်း ပြုနေကြသူများ ဖြစ်ပါတယ်။

မြန်မာ့ပင်လယ် ငါးဖမ်းဥပဒေအရ သက်ဆိုင်ရာ ရေလုပ်ငန်းဦးစီးဌာနမှ ရေမိုင်(၅)မိုင် အတွင်း ငါးဖမ်းဆီးသူများကို ကမ်းနီး ငါးဖမ်းလိုင်စင်များ ထုတ်ပေးထားပြီးတော့ ပင်လယ်ပြင်ရဲ့ (၅)မိုင် အပြင်ဘက် မှာရှိတဲ့ ဖမ်းဆီးတဲ့ လူတွေကိုတော့ ကမ်းဝေးငါးဖမ်း သင်္ဘော လိုင်စင်များ ထုတ်ပေးထားလျက်ရှိပါတယ်။ ဒီလို သက်ဆိုင်ရာ ရေလုပ်ငန်းဦးစီးဌာနမှ ကမ်းနီးငါးဖမ်းသင်္ဘော လုပ်ငန်း လုပ်ကိုင်သူများအတွက် ကမ်းခြေရေမိုင် (၅)မိုင်အတွင်းနဲ့ ကမ်းဝေးငါးဖမ်း လုပ်ကိုင်သူ များအတွက် ကမ်းခြေမှ ရေမိုင် (၅)မိုင် ပြင်ပရှိ သတ်မှတ်ခွင့်ပြုထားသာ ငါးဖမ်း ကွက်များအတွင်း လုပ်ကိုင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ရေမိုင်(၅)မိုင်၏ အပြင်ဘက်တွင် ငါးဖမ်းခွင့် ရရှိသော ကမ်းဝေးငါးဖမ်းသ ဘော်ာများသည် ပင် လယ်ကမ်းခြေအနီး ရေမိုင် (၅)မိုင်၏ အတွင်း ဘက်သို့ တရွတ်ဆွဲ ငါးပိုက်များဖြင့် ဝင်ရောက်၍ ဖမ်းဆီးခြင်း၊ အချို့ ငါးဖမ်းသင်္ဘောကြီးများသည် မိမိတို့ရဲ့ သ ဘော်ာ၏အမည်နှင့် အမှတ်အသား နံပါတ်များကို ဖုံးကွယ်လျက် ကမ်းနီးရေတိမ်ပိုင်း အတွင်းသို့ ဝင်ရောက်ကာ တရွတ်ဆွဲပိုက်များ ဖြင့် ဖမ်းဆီးမှု များကြောင့် ကမ်းနီးရေလုပ်သားများ အဖို့ ငါးဖမ်းဆီးခွင့် မရရှိဘဲ ဖြစ်နေကြသည့်အပြင် ရေထဲကို ချထား သော ပိုက်ကွန်များ ငြိတွယ် ပါသွားပြီး ပျက်စီး သွားရခြင်းများကြောင့် တရားတပေါ င်များ မကြာခဏ ဖြစ်ပွားနေကြသည်ကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဂွမြို့နယ် တရားရုံးမှာ ဖြစ်ပွားနေသော ၂၀၁၂ ခုနှစ်၊ ပြစ်မှုကြီး အမှတ် ၆၁ ဦးသက်ချင်း နဲ့ ဦးအောင်စိုးဦး တို့ အမှု ဖြစ်ပါတယ်။ ဒါဟာ ဥပမာတစ်ခုအနေ နဲ့ ဖော်ပြတာ ဖြစ်ပါတယ်။

ဒီလို ရေမိုင် (၅)မိုင်ရဲ့ အပြင်ဘက်မှာ ငါးဖမ်းဆီးခွင့် ရရှိနေသော ကမ်းဝေးငါးဖမ်း သင်္ဘောများက ပင်လယ်ကမ်းခြေအနီး ရေမိုင် (၅)မိုင်အတွင်းကို ဝင်ရောက်လျက် တရွတ်ဆွဲ ငါးဖမ်းပိုက်များနဲ့ ကျူးကျော်ဝင်ရောက်ကာ ငါးဖမ်းနေခြင်းများကြောင့် ကမ်းနီးငါးဖမ်း ရေတိမ်ပိုင်း အတွင်းမှ ငါး၊ ပုစွန် များ ခိုအောင်းရာ သန္တာကျောက်တန်းများ ပျက်စီးသွားရခြင်း ၊ ငါး၊ ပုစွန် သားပေါက်များ မှီခိုစားသောက်စရာ ရေညှိရေမှော်များ ပျက်စီးဆုံးရှုံးသွားရခြင်း၊ နဂိုရှိရင်းစွဲ ငါး၊

ပုစွန်များမှာလည်း နေထိုင်မှီခိုစား သောက်စရာ နေရာနှင့် အစားအစာ မရှိတော့၍ နေရာပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် ငါး ပုစွန် များ ရှားပါးသွားခဲ့ရခြင်း၊ တရွတ်တိုက် ငါးဖမ်းပိုက်များက ရေအောက်ကြမ်းပြင်ကို ပွတ်တိုက်ဆွဲငင်သွားသည့်အတွက် နှစ်စဥ်ရာသီအလိုက် ကမ်းနီးတွင် ပေါက်ဖွားကြီးပြင်းကြသော ရေနေသတ္တဝါများမှာလည်း တစ်နေ့ထက် တစ်နေ့ ပျောက်ကွယ်ပြုန်းတီးသွားခြင်းတို့ကို စိစစ်တွေ့ရှိရတဲ့အပြင် ကမ်းနီးငါးဖမ်းခွင့် လုပ်ငန်းလိုင်စင်ရ ဆင်းရဲသားရေလုပ်သားများမှာလည်း တစ်နေ့ထက်တစ်နေ့ ကြွေးမြီများ တင်ရှိကာ ဆင်းရဲ နွမ်းပါးနေကြပြီး စားဝတ်နေရေး အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သက်ဆိုင်ရာ ဒေသများမှ တင်ပြလာချက်အရ သိရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် ကမ်းရိုး တန်းဒေသအတွင်း ကမ်းဝေးငါးဖမ်း လုပ်ငန်းလိုင်စင်ရ ငါးဖမ်းသ ဘော်များက ကမ်းနီးငါးဖမ်း ဇရိယာ ဖြစ်သော ကမ်းခြေရေမိုင် (၅)မိုင်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးခြင်းများအား ကြီးကြပ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက် တောင်းပါ။ မိုက် တောင်းပါ။

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဦးအုန်းတင် တင်ပြတဲ့ ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသအတွင်း ကမ်းဝေးငါးဖမ်းသဘော်များဟာ ဒီကမ်းနီးငါးဖမ်းဇရိယာအတွင်းကို ဝင်ရောက်တဲ့ အခြေအနေဟာ ရခိုင်ပြည်နယ် ကမ်းရိုးတန်းမှာသာမကဘဲ နဲ့ ကျွန်တော်တို့ မော်လမြို င်၊ တနင်္သာရီတိုင်း စသဖြင့် မွန်ပြည်နယ် အဲဒီကမ်းရိုးတန်းတွေမှာလည်း ကမ်းနီးငါးဖမ်းဇရိယာထဲကို ဝင်ရောက်ငါးဖမ်းတာ ရှိပါတယ်။ ဒါကြောင့်မို့ တလက်စတည်း ဖြစ်သွားအောင် ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသအတွင်းလို့ မဆိုဘဲ နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ်းနီးငါးဖမ်းဇရိယာအတွင်း ကမ်းဝေးငါးဖမ်းသဘော်များ ဝင်ရောက်ခြင်းမှ တားဆီးခြင်း အဆို အဲဒီလို တင်သွင်းမယ်ဆိုလို့ရှိရင် တလက်စတည်း ပြီးသွားမယ်လို့ ယူဆပါတယ်ခင်ဗျ။ အဆိုကို ပြင်ပေးနိုင်ဖို့ တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းတင် သဘောထား ပြောပြပါ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ----- ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ အစား မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအတွင်းလို့ ကျွန်တော်ပြင်ပေးနိုင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင် ၏ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသအတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီးငါး ဖမ်းဇရိယာဖြစ်သော ကမ်းခြေမှ မို င်(၅)မိုင်အတွင်းသို့ ဝင်ရောက် ငါးဖမ်းခြင်းအား ကြီးကြပ်တားဆီးပေးရန် အဆိုကို ပြင်ဆင်ချက်နှင့်တကွ တင်ပြခြင်းကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်အေးထွန်း က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအုန်းတင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။

အဆိုမှာ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသအတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီးငါးဖမ်းဇရိယာဖြစ်သော ကမ်းခြေမှ ရေမိုင် (၅)မိုင်အတွင်းသို့ ဝင်ရော က် ငါးဖမ်းဆီးခြင်း များအား ကြီးကြပ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

သဘောမတူတာလား။

မိုက် တောင်းပါ။

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ -------- ရခိုင်မှာ ကျတော့ ကမ်းနီးဇရိယာဟာ ကမ်းခြေကနေ (၅)မိုင်ဖြစ်ပါတယ်။ တနင်္သာရီတိုင်းတွေကျတော့ ကမ်းနီးကနေပြီးတော့ ဇရိယာဟာ (၁၀)မိုင်ဖြစ်ပါတယ်။ အဲဒီတော့ ခုနကလို ကျွန်တော်တို့ (၅)မိုင်ဆိုရင် ကျွန်တော်တို့ဆီမှာ (၅)မိုင်မဟုတ်ဘူး။ (၁၀)မိုင် ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တော့လည်း ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီး ဌာနကနေပြီးတော့ ဥပဒေတွေနဲ့ အမိန့်ထုတ်ပြီးတော့ တားဆီးထားတာရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ (၅)မိုင် (၁၀)မိုင် ပြင်ချင်တာလား။

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ------------ ဟုတ်ကဲ့။ တကယ်လို့ လုပ်မယ်ဆိုရင် ဒီအဆိုကို ကျွန်တော်တို့ဆီမှာ ကျတော့ (၁၀)မိုင် ဖြစ်နေတယ်။ ဟိုမှာက (၅)မိုင်ဖြစ်နေတော့ မတူညီဘဲ ဖြစ်နေတယ်။ ကမ်းနီးဆိုရင် ကမ်းနီးငါးဖမ်းဇရိယာ အတွင်းကို ကမ်း ဝေးငါးဖမ်းသင်္ဘောများ ဝင်ရောက်ငါးဖမ်းဆီးတဲ့ကိစ္စကို တားဆီးတယ်ဆိုပေမယ့် ဒီလိုဖြစ်နိုင်ပါတယ်ခင်ဗျ။ မိုင်မပါဘဲ။ မိုင်တွေမပါဘဲနဲ့။

**ဥက္ကဋ္ဌ**။ ။ ကမ်း နီးငါးဖမ်း ဇရိယာအတွင်းသို့ ဆိုရင်တော့ ရတာပေါ့။ မိုင် မထည့်နဲ့လေ။ ဟုတ်တယ် မဟုတ်လား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ် စားလှယ် မရှိတဲ့အတွက် ဦးအုန်းတင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းတင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေး အစီအစဉ်တော့ ပြီးပါပြီ။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂

နိုင်ငံတော်သမ္မတ သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် (က) ပြည်ထောင်စု အစိုးရ ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနများကို ပြင်ဆင် သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။ (ခ) ပြည်ထောင်စုဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း ပြုနိုင်သည်ဆိုတဲ့ ပြ ဋ္ဌာန်း ချက်အရ နိုင်ငံတော်သမ္မတ ဆီက ဝန်ကြီးဌာနနှင့် ဝန် ကြီးဦးရေ ပြန်လည်တင်ပြမယ့် စာတွေ ဖြန့်ဝေဖို့ ရှိပါတယ်။ ဒီစာတွေကို ဒီနေ့ ဝေပေးမှာဖြစ်ပါတယ်။ ဒါတွေက (အင်္ဂါနေ့) ပြည်ထောင်စု လွှတ်တော်ခေါ်တဲ့အခါမှာ ဆွေးနွေးဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ဒီစာတွေကို ရအောင် စောင့်ယူ ပြီးတော့မှ ပြန်ကြဖို့ တိုက်တွန်းပါတယ်။

နောက်တစ်ချက်ကတော့ အမျိုးသားလွှတ်တော်မှာ အမြဲတမ်းကော်မတီ(၄)ရပ်၊ ယာယီ ကော်မတီများနဲ့ ကော်မရှင် ဖွဲ့ စည်းထားတာရှိပါတယ်။ အမြဲတမ်း ကော်မတီမှာ သက်တမ်းဟာ လွှတ်တော်ရဲ့ သက်တမ်းနဲ့ တန်းတူဖြစ်တဲ့အတွက် ပြဿနာ မရှိပါဘူး။ ယာယီ ကော်မတီများက သက်တမ်း (၁)နှစ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လ က ဖွဲ့ခဲ့တဲ့ ကော်မတီ (၅)ခုဟာ သက်တမ်း ကုန်ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြန်လည်ဖွဲ့စည်းပါမယ်။ ဒီလို ဖွဲ့ စည်းတဲ့အခါမှာ ကော်မတီ အားလုံး သက်တမ်းတူအောင် ယာယီကော်မတီအားလုံးနဲ့ ကော်မရှင်ကို အသစ် ပြန်လည် ဖွဲ့စည်းပေးလိုက်ပါမယ်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သ က်တမ်းတူသွားအောင် ဖြစ်ပါတယ်။

အကြောင်းကတော့ ဒီကြားထဲမှာ တပ်မတော်က ပါဝင်လာတဲ့ ဗိုလ်မှူးချုပ်အဆင့် ပုဂ္ဂိုလ်တွေ၊ နောက် အသစ်ဝင်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ထည့်သွင်း တာဝန်ပေးဖို့လည်း ရှိပါတယ်။ ဒီထဲမှာ တချို့ကော်မတီတွေ အနေနဲ့ အပြောင်းအလဲ ရှိချင်မှ ရှိပါမယ်။ တချို့ ကော်မတီမှာရော၊ အမြဲတန်းကော်မတီမှာရော လွှတ်တော်ကိုယ်စားလှယ်များ အတွေ့အကြုံ ဘက်စုံရရှိရေးအတွက် ပြောင်းလဲခန့်အပ်တာမျိုးတော့ ရှိပါမယ်။ ဒါကို ဒီနေ့ နေ့လယ်စာ စားပြီးတဲ့အခါမှာ ဥက္ကဋ္ဌရုံးခန်းမှာ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္က ဋ္ဌ ဆောင်ရွက်မှာဖြစ်ပါတယ်။ စိတ်ဝင်စားလို့ အကြံဉာဏ်ပေးချင်ရင်လည်း လာတွေ့နိုင်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် စတုတ္ထပုံမှ န်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (တနင်္လာနေ့ ) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]